IOM International Organization for Migration

# ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်

ထုတ်ဝေချက် ၄ – ဖေဖော်ဝါရီ ၂၀၁၀

## နိုင်ငံသားစိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်အချိန်တိုးချဲ့ပေးခြင်း

## မကြာခဏမေးမြန်းလေ့ရှိသောမေးခွန်းများ

*၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၁၀ ခုနှစ် နှစ်ဆန်းပိုင်းတို့တွင် ထိုင်းနိုင်ငံရှိ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာ/ဗမာရွှေ့ပြောင်း အလုပ်သမားများ အပေါ်တွင် အကျိုးသက်ရောက်မှုများရှိသည့် အရေးကြီးသောမူဝါဒများကို ထုတ်ဖော်ခဲ့ကြသည်။ အရေးကြီးသောထုတ်ဖော်မှုတစ်ခုမှာ ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ ဝန်ကြီးအဖွဲ့၏ နိုင်ငံသားစိစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်ကို အချိန်တိုးချဲ့ပေးရန် ဆုံးဖြတ်ချက်ဖြစ်သည်။ ထို့အပြင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နေ့၌ အလုပ်သမား ဝန်ကြီးဌာနမှ "လုပ်ငန်းဆောင်ရွက်ခ"နှင့် "စည်းကြပ်ငွေ"[၁] ပြဋ္ဌာန်းချက် အသစ်တို့နှင့် သက်ဆိုင်သော စည်းမျဉ်းတစ်ခုကို ထုတ်ပြန်ခဲ့သည်။*

*ဤအပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာခြင်းအဖွဲ့အစည်း (IOM) ၏ ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက် တွင် ထိုင်းတော်ဝင်အစိုးရ၏နောက်ဆုံးမူဝါဒများနှင့်၄င်းမူဝါဒများက ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်း အလုပ်သမားများအပေါ်မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်တို့နှင့် ပတ်သက်၍ မကြာခဏမေးမြန်းလေ့ရှိသော မေးခွန်းများအတွက်အဖြေအချို့ကို ဖော်ပြထားပါသည်။*

## <u>၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်</u>

### ၁။ ဝန်ကြီးအဖွဲ့၏ဤဆုံးဖြတ်ချက်၌ မည်သည်တို့ကို ဖော်ပြပေးသနည်း။

၂၀၀၉ ခုနှစ် မှတ်ပုံတင်စည်းမျဉ်းအရ ၂၀၀၉ ခုနှစ်တွင်မှတ်ပုံတင်ပြုလုပ်ပြီး အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက် (ပန်းရောင်ကဒ်[၂]) ရရှိပြီးသော (အထောက်အထားမဲ့) အလုပ်သမားများသည်၂၀၁၀ ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့

---

[၁] 'လုပ်ငန်းဆောင်ရွက်ခ'၌ အလုပ်လုပ်ရန်ခွင့်ပြုချက်အသစ်လျှောက်ထားခြင်း၊ အလုပ်လုပ်ရန်ခွင့်ပြုချက် အသစ် လဲလှယ်ခြင်း၊ အလုပ်လုပ်ရန်ခွင့်ပြုချက်ကို အစားထိုးသည့်စာရွက်စာတမ်း၊ အလုပ်ရှင်ပြောင်းလဲခြင်း သို့မဟုတ် အလုပ်ရှင်အရေအတွက်များတိုးမြင့်ခြင်း၊ အရပ်ဒေသနှင့် အလုပ်လုပ်ကိုင်ရာနေရာပြောင်းလဲခြင်း၊ အလုပ်အကိုင် အခြေအနေ သတ်မှတ်ချက်များပြောင်းလဲခြင်း/ထပ်တိုးခြင်းတို့ အကျုံးဝင်သည်။ 'စည်းကြပ်ငွေ' သည် ကျွမ်းကျင်မှုနိမ့် သို့မဟုတ် ကျွမ်းကျင်သူမဟုတ်သော အလုပ်သမားများကို ငှားရမ်းခြင်းအတွက် အလုပ်ရှင်များထံမှ ကောက်ခံရရှိငွေများကို ရည်ညွှန်းသည်။

[၂] မှတ်ပုံတင်ပြီးသော ရွှေ့ပြောင်းသူများအားပေးအပ်သည့် အလုပ်လုပ်ခွင့်လက်မှတ်များမှာ ပန်းရောင်ဖြစ်ပြီး ၄င်းတို့ကို ပန်းရောင်ကဒ်များဟု ရည်ညွှန်းကြသည်။ ၄င်းကဒ်သည်ရွှေ့ပြောင်းလာသူများအတွက် ထိုင်းနိုင်ငံအတွင်း နေထိုင် အလုပ်လုပ်ကိုင်ရန် ယာယီခွင့်ပြုချက်နှင့် ဆိုင်းငံ့ပြည်နှင်ဒဏ်ကို ဖော်ပြသည်။ နိုင်ငံသားစိစစ်အတည်ပြုခြင်း (နိုင်/စစ်) ပြီးဆုံးသွားလျှင် ရွှေ့ပြောင်းသူများ၏ လူဝင်မှုကြီးကြပ်ရေးအနေအထားသတ်မှတ်ချက် ပြောင်းလဲသွားပြီး ၄င်းတို့အား နိုင်ငံအတွင်း (၂)နှစ်တရားဝင်နေထိုင်လုပ်ကိုင်ရန်ခွင့်ပြုပြီး နောက်ထပ် (၂)နှစ်သက်တမ်းတိုးခွင့်လည်းရရှိနိုင်သည်။ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ်များမှာ အစိမ်းရောင် (အစိမ်းရောင် ကဒ်များ) ဖြစ်သည်။

အထိ ထိုင်းနိုင်ငံအတွင်း၌ နေထိုင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက် ရရှိသည်။ ၄င်းရက်ကျော်လွန်ပြီးနောက်ပိုင်းတွင် နိုင်ငံသားစိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ် (Nationality Verification၊ နိုင်/စစ်) ကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးသော ရွှေ့ပြောင်းသူများသာလျှင် ထိုင်းနိုင်ငံအတွင်း၌ တရားဝင်နေထိုင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက် ရရှိမည်ဖြစ်သည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်သည် ၂၀၀၉ ခုနှစ်တွင် မှတ်ပုံတင်ပြီး၍ အလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက်များ (work permits) ရရှိပြီးသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အောက်ပါတို့ကို ဖြစ်စေသည်။ (၁) ၄င်းတို့၏ ထိုင်းနိုင်ငံအတွင်းတွင်နေထိုင်အလုပ်လုပ်ကိုင်ရန် ယာယီခွင့်ပြုချက်ကို ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ သက်တမ်းတိုးပေးသည်။ (၂) နိုင်/စစ်လုပ်ငန်းစဉ်၏ နောက်ဆုံးသတ်မှတ်ရက်ကို ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ သက်တမ်း ၂ နှစ် တိုးပေးသည်။

<u>သက်တမ်းတိုးချဲ့မှုများတွင်အကျုံးဝင်ရန် ရွှေ့ပြောင်းအလုပ်သမားများသည် ၂၀၁၀ ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်နောက်ဆုံးထား၍ နိုင်/စစ် ကိုလျှောက်ထားကြရပါမည်။</u>

## ၂။ ယခင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ ဆုံးဖြတ်ချက်ကို မည်ကဲ့သို့ ပြောင်းလဲစေသနည်း။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်အရ ထိုင်းနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ ဝင်ရောက်လာသော ရွှေ့ပြောင်းသူများသည် ၂၀၁၀ ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့နောက်ဆုံးထား၍ နိုင်/စစ် (ယာယီနိုင်ငံကူးလက်မှတ်နှင့် ၂နှစ် ပြည်ဝင်ခွင့်ဗီဇာရယူခြင်း) ကို အောင်မြင်စွာ *ပြီးစီး*ကြရမည်။ ရွှေ့ပြောင်းသူများသည် ထိုသို့ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက ၄င်းတို့အနေဖြင့် ထိုင်းအာဏာပိုင်များ၏ နေရပ်သို့ပြန်လည်ပို့ဆောင်ခြင်းကို ခံရနိုင်ဖွယ် ရှိသည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ ဆုံးဖြတ်ချက်သည် နိုင်/စစ်ပြုလုပ်*ပြီးစီး*ရန် နောက်ဆုံးသတ်မှတ်ရက်ကို ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ တိုးချဲ့ပေးလိုက်သည်။

## ၃။ ရွှေ့ပြောင်းသူများအနေဖြင့် နိုင်/စစ် ကို ၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့အပြီး <u>လျှောက်ထား</u>ရမည် ဆိုသည်မှာမည်သည်ကို ဆိုလိုသနည်း။

ဆိုလိုသည်မှာ ရွှေ့ပြောင်းသူများသည် နိုင်/စစ်ပုံစံနှင့်၄င်းတို့၏ အလုပ်လုပ်ခွင့်လျှောက်လွှာပုံစံ၂ခုလုံးကို ဖြည့်စွက်တင်သွင်းပြီးရန် ဖြစ်သည်။ လျှောက်လွှာပုံစံ ၂ မျိုးလုံးကို ၄င်း ရွှေ့ပြောင်းအလုပ်သမား အလုပ်လုပ်ကိုင်နေသည့် ပြည်နယ်ရှိ ပြည်နယ်အလုပ်သမားရေးရာရုံးတွင် တင်သွင်းရမည်။[2]

၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် လျှောက်လွှာများ တင်သွင်းပြီးရမည်ဖြစ်ပြီး အောင်မြင်စွာပြီးစီးပါက သူ/သူမတို့၏လျှောက်လွှာများကို စိစစ်နေစဉ်အတွင်း ရွှေ့ပြောင်းသူများသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်။

## ၄။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်အရ ထိုင်းနိုင်ငံအတွင်းနေထိုင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက်ရနိုင်ခြေရှိသော ရွှေ့ပြောင်းသူအရေအတွက် မည်မျှ ရှိသနည်း။

---

[2] နိုင်/စစ်လျှောက်လွှာကို ထိုင်းနိုင်ငံတွင် ထိုင်းအာဏာပိုင်များထံတင်သွင်းရသည်။ မြန်မာ/ဗမာနိုင်ငံသားများအနေဖြင့် ဤအဆင့်တွင် မြန်မာနိုင်ငံသို့ပြန်လည်သွားရောက်ရန်မလိုအပ်ပါ။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ မှတ်ပုံတင် စာရင်းဇယားများအရ ရွှေ့ပြောင်းသူစုစုပေါင်း **၁,၃၁၅,၉၃၂** ဦးသည် ဝန်ကြီးအဖွဲ့၏၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ ဆုံးဖြတ်ချက်အကျိုးကို ခံစားရနိုင်သည်။ ၄င်းတို့တွင် ကမ္ဘောဒီးယားနိုင်ငံမှ ၉.၅% (၁၂၄,၉၀၂)၊ လာအိုနိုင်ငံ[၄] မှ ၈.၅% (၁၁၁,၀၃၉) နှင့် **မြန်မာ/ဗမာနိုင်ငံမှ ၈၂%** (၁,၀၇၉,၉၉၁) ဖြစ်ကြသည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ရွှေ့ပြောင်းသူစုစုပေါင်း ၁၄၂,၃၈၁ ဦးသည် နိုင်/စစ်ကို အောင်မြင်စွာ ပြီးစီးခဲ့ပြီး ၄င်းတို့တွင် ကမ္ဘောဒီးယားနိုင်ငံမှ ၇၀,၀၄၇၊ လာအိုနိုင်ငံမှ ၅၈,၄၃၀ နှင့် မြန်မာ/ဗမာနိုင်ငံ[၅] မှ ၁၈,၉၀၄ ဦးတို့ဖြစ်ကြသည်။

## ၅။ မည်သည့် အစိုးရအဖွဲ့အစည်းများသည် ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် ပါဝင်ကြသနည်း။

အောက်ဖော်ပြပါ ထိုင်းအစိုးရအဖွဲ့အစည်း (၈) ခုတို့သည် ဝန်ကြီးအဖွဲ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာ ကဏ္ဍအသီးသီးတွင် ပါဝင်ကြသည်။

**<u>ပြည်ထဲရေးဝန်ကြီးဌာန</u>**

- ၂၀၁၀ ခုနှစ်ဖေဖော်ဝါရီလ၂၈ ရက်နေ့ နောက်ဆုံးထား၍ နိုင်/စစ်လျှောက်ထားခဲ့သော ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာ/ဗမာ နိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများအတွက် ယာယီစီမံချက်အဖြစ် ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့် ကြေငြာစာကိုထုတ်ပြန်ပေးခြင်း။
- လွတ်ငြိမ်းချမ်းသာခွင့်ရရှိပြီးသော ရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်ငံကူးလက်မှတ်အစား သက်သေခံစာရွက်စာတမ်းများကို အသိအမှတ်ပြုလက်ခံသည့်ကြေငြာစာကို ထုတ်ပေး ခြင်း။
- နိုင်/စစ်ဆောင်ရွက်ရန် ရွှေ့ပြောင်းအလုပ်သမားများအားခရီးသွားလာရန် ခွင့်ပြုချက်အခြေအနေများပါရှိသည့် ကြေငြာစာကိုထုတ်ပေး ခြင်း။

**<u>ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန</u>**

- ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်းနှင့် ထိုင်းနိုင်ငံအတွင်းနေထိုင်အလုပ်လုပ်ကိုင်ခွင့်သက်တမ်းတိုးရန် ခွင့်ပြုချက်ရရှိပြီးသော ရွှေ့ပြောင်းသူများထံမှ အာမခံကြေးများကောက်ခံခြင်း (ကျန်းမာရေးစစ်ဆေးမှုအတွက် ဘတ်ငွေ ၆၀၀ နှင့်တစ်နှစ်ကျန်းမာရေး အာမခံအတွက် ဘတ်ငွေ ၁,၃၀၀)။
  မှတ်ချက်၊ နိုင်/စစ်ပြီး၍ ပြည်ဝင်ခွင့်ဗီဇာရရှိပြီးသော ရွှေ့ပြောင်းသူများသည် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်း မကုန်ဆုံးသေးပါက ကျန်းမာရေးစစ်ဆေးမှုများနှင့် အခြားသက်ဆိုင်သော ကောက်ခံငွေများမှ ကင်းလွတ်ခွင့်ရသည်။

**<u>အလုပ်သမားဝန်ကြီးဌာန</u>**

- ၂၀၁၀ ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ၂၀၁၀ ခုနှစ်ဖေဖော်ဝါရီလ၂၈ ရက်နေ့ နောက်ဆုံးထား၍ နိုင်/စစ် လျှောက်လွှာတင်သွင်းပြီးသော ရွှေ့ပြောင်းသူများအား အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များကို အသစ်လဲလှယ်ပေးခြင်း။ အလုပ်လုပ်ခွင့် လက်မှတ် အတွက် သတ်မှတ်ငွေကို ရွှေ့ပြောင်းသူမှ ပေးသွင်းရပါသည်။

---

[၄] ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့စာရင်းဇယားများဖြစ်ပါသည်။

[၅] ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံသားများအတွက် နိုင်/စစ်ကို ၂၀၀၆ ခုနှစ်မှစ၍ အကောင်အထည် ဖော်ဆောင်လျက် ရှိပြီး မြန်မာ/ဗမာနိုင်ငံသားများ အတွက် နိုင်/စစ်ကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သည်။

- နိုင်/စစ်လုပ်ငန်းစဉ် ပြီးစီးသွားသော ရွှေ့ပြောင်းသူများအား အလုပ်လုပ်ခွင့် လက်မှတ်အသစ်များ ထုတ်ပေးခြင်း။ ရွှေ့ပြောင်းသူ၏ ယခင်အလုပ်လုပ်ခွင့်လက်မှတ် သက်တမ်း ကျန်ရှိသေးပါက ထိုရွှေ့ပြောင်းအလုပ်သမားအနေဖြင့် အလုပ်လုပ်ခွင့်သက်တမ်း တိုးလိုက်သော အချိန်ကာလအတွက်သာ ပေးဆောင်ရန် လိုအပ်ပါသည်။

**<u>နိုင်ငံခြားရေးဝန်ကြီးဌာန:</u>**

- နိုင်/စစ်လုပ်ငန်းစဉ် ပြီးစီးသွားသော ရွှေ့ပြောင်းအလုပ်သမားများကို ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးရန် လူဝင်မှုကြီးကြပ်ရေးဌာနအား လုပ်ပိုင်ခွင့်အာဏာအပ်နှင်းပေး ခြင်း။
- နိုင်/စစ်လုပ်ငန်းစဉ် နှင့် ပတ်သက်၍ မြန်မာ/ဗမာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အာဏာပိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ပြုလုပ်ပေး ခြင်း။

**<u>ထိုင်းတပ်မတော်၊ ကြည်းတပ် နှင့် ရေတပ်:</u>**

- တရားမဝင် ဝင်ပေါက်များမှ ရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းမှ ကာကွယ်ရန် အစီအမံများ ပြုလုပ် ခြင်း။

**<u>ထိုင်းတော်ဝင် ရဲတပ်ဖွဲ့:</u>**

- နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ခြင်းမရှိသော သို့မဟုတ် ခွင့်ပြုချက်မရယူဘဲ ထိုင်းနိုင်ငံအတွင်း ဝင်ရောက်အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းလာသူများအား ဖမ်းဆီးအရေးယူခြင်း။

**<u>လူဝင်မှုကြီးကြပ်ရေးဌာန:</u>**

- နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးသည့် ရွှေ့ပြောင်းအလုပ်သမားများအား ပြည်ဝင်ခွင့်ဗီဇာ လျှောက်လွှာများ လက်ခံခြင်းနှင့် ပြည်ဝင်ခွင့်များထုတ်ပေးခြင်း။ ဗီဇာကြေးမှာ ဘတ်ငွေ ၅၀၀ ဖြစ်ပါသည်။
- နိုင်/စစ်လုပ်ငန်းစဉ် စတင်ဆောင်ရွက်ခြင်းမရှိဘဲ ထိုင်းနိုင်ငံအတွင်းတွင် တရားမဝင်ကျန်ရှိနေသော ရွှေ့ပြောင်းသူများအား နေရပ်သို့ပြန်လည်ပို့ဆောင်ရေးအစီအစဉ်များ ရေးဆွဲခြင်း။

**<u>အမျိုးသား လုံခြုံရေး ကောင်စီ:</u>**

- နိုင်/စစ်လုပ်ငန်းစဉ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပြီးစီးခြင်းမရှိသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ မည်ကဲ့သို့ဆောင်ရွက်ရန် အစီအစဉ်များ ရေးဆွဲခြင်း။

## ၆။ ရွှေ့ပြောင်းသွားလာသူများသည် မည်သည်ကို ယခုချက်ချင်းလုပ်ဆောင်ရမည်နည်း။

- ✓ ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းကုန်သည့် (သို့မဟုတ်) ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက် နေ့တွင် အလုပ်လုပ်ကိုင်ခွင့်သက်တမ်းကုန်မည့် ရွှေ့ပြောင်းအလုပ်သမား များသည် ၎င်းတို့နေထိုင်ရာ ပြည်နယ်မှ ပြည်နယ်အလုပ်သမားရေးရာရုံးတွင် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးသည့် ပုံစံတင်သွင်းချိန်၌ နိုင်/စစ်လျှောက်လွှာပုံစံကိုပါ ဖြည့်စွက်တင်သွင်းပြီး ဖြစ်သင့်ပါ သည်။ ပြည်နယ် အလုပ်သမားရေးရာ အာဏာပိုင်များမှ အလုပ်လုပ်ကိုင်ခွင့်လျှောက်လွှာ လက်ခံ ပြေစာဖြတ်ပိုင်း နှင့် နိုင်/စစ်လုပ်ငန်းစဉ် လျှောက်လွှာတင်ပြီးသူဖြစ်ကြောင်း ထောက်ခံစာတစ်စောင်ကို ထုတ်ပေးပါမည်။ ထိုစာရွက်စာတမ်းများသည် ရွှေ့ပြောင်းအလုပ်သမား၏ ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်ကို သက်တမ်းတိုးပေးပါသည်။

- ✓ ပြည်နယ်အလုပ်သမားရေးရာရုံးမှ ထုတ်ပေးလိုက်သော လျှောက်လွှာလက်ခံပြေစာဖြတ်ပိုင်း များရရှိလာသော ရွှေ့ပြောင်းသူများသည် ဆေးရုံသို့သွား၍ကျန်းမာရေးစစ်ဆေးခြင်းအဆင့်အား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြီးလျှင် ရွှေ့ပြောင်းသူများသည် ဆေးစစ်ချက်အဖြေများအား ပြည်နယ် အလုပ်သမားရေးရာရုံးသို့ ပြန်လည်ယူဆောင်လာပြီး အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိရေး ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

✓ ရွှေ့ပြောင်းလာသူများသည် သက်တမ်းတိုးပြီးသော အလုပ်လုပ်ကိုင်ခွင့်နှင့် နိုင်/စစ်လုပ်ငန်း လျှောက်လွှာတင်ပြီးသူဖြစ်ကြောင်း ထောက်ခံစာတစ်စောင်ရပြီးလျှင် ထိုင်းအစိုးရ နှင့်မြန်မာအာဏာပိုင်များ လျှောက်လွှာ လုပ်ငန်းစဉ်များ စိစစ်ဆောင်ရွက်နေစဉ် အချိန်အတွင်း ထိုင်းနိုင်ငံအတွင်း ယာယီဆက်လက် နေထိုင် အလုပ်လုပ်ကိုင်ခွင့် ရရှိပြီဖြစ်ပါသည်။ ထိုအချိန်အတွင်း ရွှေ့ပြောင်းအလုပ်သမား၏အနေအထားသည် "တရားမဝင်၊ ဆိုင်းငံ့ပြည်နှင်ဒဏ်" ဖြစ်ပါသည်။

✓ အလုပ်အကိုင်ခန့်ထားရေးဌာနက နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်နိုင်သည့် မြန်မာ/ဗမာ ရွှေ့ပြောင်း အလုပ်သမားများအား အလုပ်ရှင်များမှတဆင့် အကြောင်းကြားမည် ဖြစ်ပါသည်။ ၄င်းတို့သည် ထိုင်းပြည်ထဲရေးဝန်ကြီးဌာနမှ အလုပ်လုပ်ကိုင်ရာပြည်နယ်မှထွက်ခွာရန် ခွင့်ပြုချက်ရယူပြီး ချင်းရိုင် (Chiang Rai) ပြည်နယ် မှ မယ်ဆိုင်(Mae Sai) ခရိုင်၊ တခ်(Tak) ပြည်နယ် မှမဲဆောက် (Mae Sot) ခရိုင် သို့မဟုတ် ရနောင်း (Ranong) ပြည်နယ် မှ မောင်း (Maung) ခရိုင်တို့တွင်တည်ရှိသော ထိုင်းနယ်စပ် ကွပ်ကဲရေးဌာနများနှင့် တာချီလိတ်မြို့၊ မြဝတီမြို့နှင့် ကော့သောင်းမြို့များတွင် ဖွင့်လှစ်ထားသော ယာယီ နိုင်ငံကူးလက်မှတ် (Temporary Passport) ထုတ်ပေးရေးရုံးများသို့သွားရောက်ပြီး နိုင်/စစ်လုပ်ငန်းများ ပြီးဆုံးအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

✓ ၄င်းတို့ မူရင်းနိုင်ငံမှ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ယူရရှိပြီးသော ရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းနိုင်ငံတွင် ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ်များ လျှောက်ထားနိုင်ပါသည်။ ထိုင်းနိုင်ငံ အတွင်းတွင် (၂)နှစ် နေထိုင်အလုပ်လုပ်ကိုင်နိုင်ခွင့်ရပြီး နောက်ထပ်(၂)နှစ် ထပ်မံ သက်တမ်းတိုးနိုင်ပါသည်။

## ၇။ ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ယူရန်အတွက် မြန်မာ/ဗမာ ရွှေ့ပြောင်း အလုပ်သမားများသည် မြန်မာနိုင်ငံသို့ ပြန်လည်သွားရောက်ရန် လိုအပ်ပါသေးသလား။

ပြန်လည်သွားရောက်ရန် လိုအပ်ပါသည်။ မြန်မာ/ဗမာ ရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်/စစ်လုပ်ငန်းစဉ်အား ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်၌ ပြင်ဆင်ဖြည့်စွက်ခြင်းမရှိပါ[6]။ နိုင်/စစ်လုပ်ငန်းလျှောက်ထားခြင်း၏ပထမဦးဆုံးအဆင့် ပြီးစီးသော ရွှေ့ပြောင်းလာသူများသည် လုပ်ငန်းစဉ် ပြီးစီးအောင်ဆောင်ရွက်ပြီး မြန်မာနိုင်ငံအတွင်းရှိ တာချီလိတ်မြို့၊ မြဝတီမြို့နှင့် ကော့သောင်းမြို့များတွင် ဖွင့်လှစ်ထားသော ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး များတွင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ယူရမည် ဖြစ်ပါသည်။

## ၈။ နိုင်/စစ်လုပ်ငန်းစဉ် အောင်မြင်စွာပြီးစီးလာသော ရွှေ့ပြောင်းသူများသည် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်နှင့် ကျန်းမာရေးအာမခံကြေးတို့ကို ထပ်မံပေးသွင်းရန် လိုအပ ပါသလား။

နိုင်/စစ်လုပ်ငန်းစဉ်အောင်မြင်စွာပြီးစီးလာသော ရွှေ့ပြောင်းသူများသည် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ်နှင့် ကျန်းမာရေးအာမခံ တို့ကို လျှောက်ထားပြီး ကျသင့်သောအခကြေးငွေများ ပေးသွင်းရမည် ဖြစ်ပါသည်။ နိုင်/စစ်လုပ်ငန်းစဉ်ပြီးစီး၍ အလုပ်လုပ်ကိုင်ခွင့်သက်တမ်း မကုန်ဆုံးသေးသော ရွှေ့ပြောင်းသူများသည် ၎င်းတို့၏ ကျန်ရှိနေသေးသော သက်တမ်းအတွက် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းကြေးအား အလုပ်သမားဝန်ကြီးဌာနမှ ကင်းလွတ်ခွင့် ပြုထားပါသည်။ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှလည်း ထိုသို့သော ရွှေ့ပြောင်းသူများအတွက် ကျန်းမာရေး စစ်ဆေးခြင်းမှ ကင်းလွတ်ခွင့် ပြုထားပါသည်။

---

[6] နိုင်ငံသားစစ်ဆေးခြင်းလုပ်ငန်းစဉ်ဆောင်ရွက်ရန်အတွက် အသေးစိတ်အဆင့်များအား ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေး ကြေငြာချက် ၂ (၂၀၀၉ခုနှစ် ဩဂုတ်လ) နှင့် ကြေငြာချက် ၃(၂၀၀၉ နိုဝင်ဘာလ) တို့တွင်ဖတ်ရှုနိုင်ပါသည်။

**၉။ အကယ်၍ ရွှေ့ပြောင်းအလုပ်သမားများသည် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နောက်ဆုံး ထား၍ နိုင်/စစ်လုပ်ငန်းစဉ်ကို မလျှောက်ထားပါက မည်ကဲ့သို့ဖြစ်မည်နည်း။**

မည်သည့်အကြောင်းကြောင့်ဖြစ်စေ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နောက်ဆုံးထား၍ နိုင်/စစ်လုပ်ငန်းစဉ် မလျှောက်ထားဘဲ ထိုင်းနိုင်ငံအတွင်းရောက်ရှိနေသော ရွှေ့ပြောင်းလာသူများသည် ထိုင်းနိုင်ငံ အာဏာပိုင်အဖွဲ့များ၏ ဖမ်းဆီးချုပ်နှောင်၍ နေရပ်သို့ပြန်လည်စေလွှတ်ခြင်းခံရမည် ဖြစ်ပါသည်။

**၁၀။ အကယ်၍ ရွှေ့ပြောင်းအလုပ်သမားများ နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်မပြီးစီးလျှင် မည်သို့ဖြစ်မည်နည်း။**

နိုင်/စစ်လုပ်ငန်းစဉ် စတင်ဆောင်ရွက်ပြီး လျှောက်လွှာပယ်ချခြင်းခံရသော ရွှေ့ပြောင်းသူများနှင့်ပတ်သက်၍ မည်သို့ဆောက်ရွက်ရမည်ကို ထိုင်းအစိုးရအဖွဲ့မှ မဆုံးဖြတ်ရသေးပါ။ ထိုသို့သောရွှေ့ပြောင်းအလုပ်သမားများ ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဝန်ကြီးအဖွဲ့အစည်းအဝေးမှ အမျိုးသားလုံခြုံရေးကောင်စီနှင့် သက်ဆိုင်ရာအာဏာပိုင် များထံမှ စဉ်းစားတိုင်ပင်ရန်အတွက် အစီအစဉ်များ ဆင့်ခေါ်ထားပါသည်။

<u>**"လုပ်ငန်းဆောင်ရွက်ခ" နှင့် "စည်းကြပ်ငွေ"နှုန်းထား အသစ်များ**</u>

၂၀၀၉ခုနှစ် နိုင်ငံခြားသားများ အလုပ်အကိုင်ခြင်းဆိုင်ရာ အက်ဥပဒေနှင့်အညီ ၂၀၀၉ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့တွင် လုပ်ငန်းဆောင်ရွက်ခနှင့် စည်းကြပ်ငွေနှုန်းထား သတ်မှတ်ချက်တစ်ခုအား အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပြန် ကြေငြာခဲ့ပါသည်။

**အလုပ်လုပ်ကိုင်ခွင့် လက်မှတ် အသစ် (သို့) သက်တမ်းတိုးရန် မည်မျှကုန်ကျမည်နည်း။**

ကုန်ကျစရိတ်မှာ အလုပ်ခန့်ထားသော အမျိုးအစားနှင့်ပြည်နယ်အပေါ် မူတည်ပါသည်။ အိမ်တွင်းမှုအလုပ်သမားများ နှင့် အလုပ်ကြမ်းသမားများသည် သက်ဆိုင်ရာပြည်နယ်အလိုက် အလုပ်လုပ်ကိုင်ခွင့်တစ်နှစ်စာအတွက် ဘတ်ငွေ ၉၀၀ မှ ၁,၈၀၀ အထိပေးဆောင်ရပါမည်။ ငါးဖမ်းလုပ်ငန်း၊ ရေထွက်ပစ္စည်းထုပ်ပိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင်လုပ်ကိုင်သူများသည် ပြည်နယ်အားလုံး၌ ဘတ်ငွေ ၉၀၀ ပေးဆောင်ရပါမည်။ လူတိုင်းအတွက် လျှောက်လွှာကြေးမှာ ဘတ်ငွေ ၁၀၀ ဖြစ်ပါသည်။

**အလုပ်ရှင်များမှ စည်းကြပ်ငွေ မည်မျှပေးဆောင်ရမည်နည်း။**

ကျွမ်းကျင်မှုနိမ့် နှင့် အထူးကျွမ်းကျင်မဟုတ်သော အလုပ်သမားများ၏ အလုပ်ရှင်များသည် ရွှေ့ပြောင်းအလုပ်သမား တစ်ဦးအတွက် ပြည်နယ်အလိုက် ဘတ်ငွေ ၂၀၀ မှ ၆၀၀ အထိ ပေးဆောင်ရပါမည်။ ငါးဖမ်းလုပ်ငန်း၊ ရေထွက်ပစ္စည်းထုပ်ပိုးရေးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့မှ အလုပ်သမားများ၏ အလုပ်ရှင်များသည် ပြည်နယ်အားလုံး၌ ဘတ်ငွေ ၂၀၀ ပေးဆောင်ရပါမည်။

**စည်းကြပ်ငွေကို ချက်ချင်းကောက်ခံမည်လား။**

မကောက်ခံသေးပါ။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ နေ့စွဲဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ချက် ထုတ်ပြန်ထားသော်လည်း အလုပ်သမားဝန်ကြီးဌာနမှ ကျွမ်းကျင်မှုနိမ့်နှင့် အထူးကျွမ်းကျင်မဟုတ်သော အလုပ်အကိုင် နေရာများအတွက် အထူးသတ်မှတ်ချက်မထုတ်ပြန်သေးသ၍ စည်းကြပ်ငွေအား ကောက်ခံဦးမည်မဟုတ်ပါ။

**ဝန်ကြီးဌာနမှ သတ်မှတ်ထားသော အခြားမည်သည့်ကုန်ကျစရိတ်များ ရှိဦးမည်နည်း။**

အလုပ်လုပ်ကိုင်ခွင့် လက်မှတ် (သို့) မိတ္တူ အတွက် အခကြေးငွေ၊ တစ်စောင်လျှင် ဘတ်ငွေ ၂၀၀။
အလုပ်ပြောင်း/တိုးခြင်း အတွက် အခကြေးငွေ၊ တစ်ကြိမ်ပြောင်းတိုင်း ဘတ်ငွေ ၉၀၀။
အလုပ်ရှင်ပြောင်း/တိုးခြင်း အတွက် အခကြေးငွေ၊ တစ်ကြိမ်ပြောင်းတိုင်း ဘတ်ငွေ ၉၀၀။
အလုပ်နေရာပြောင်း/တိုးခြင်း အတွက် အခကြေးငွေ၊ တစ်ကြိမ်ပြောင်းတိုင်း ဘတ် ငွေ ၉၀၀။

အလုပ်အကိုင်အခြေအနေပြောင်း/တိုးခြင်း အတွက် အခကြေးငွေ၊ တစ်ကြိမ်ပြောင်းတိုင်း ဘတ် ငွေ ၁၅၀။

## **အနိမ့်ဆုံးလုပ်အားခ တိုးမြှင့်သတ်မှတ်ခြင်း**

၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဝန်ကြီးအဖွဲ့က ထိုင်းနိုင်ငံအတွင်း အနိမ့်ဆုံးလုပ်အားခနှုန်းထား တိုးမြှင့်သတ်မှတ်ခြင်းအား အတည်ပြုပေးခဲ့သည်။ တိုးမြှင့်သတ်မှတ်ခြင်းမှာ (၁) ဘတ် မှ (၇) ဘတ်အထိရှိပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်မည် ဖြစ်ပါသည်။ အနိမ့်ဆုံး တစ်နေ့လုပ်အားခ များမှာ ဘန်ကောက်၌ ၂၀၆ ဘတ်၊ ဆမွတ်ဆခွန်၌ ၂၀၅ ဘတ် နှင့် တခ်၌ ၁၅၃ ဘတ် တို့ဖြစ်ကြပါသည်။ အနိမ့်ဆုံးလုပ်အားခငွေ နှုန်းထားများကို [www.mol.go.th/statistic_01.html](www.mol.go.th/statistic_01.html)မှ ဆွဲယူဖတ်ရှုနိုင်ပါသည်။

---

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲ မှထုတ်ဝေသည်။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုံး *-၀၂-၃၄၃၉၃၀၀*၊ ဖက်စ် *- ၀၂-၃၄၃၉၃၉၉*၊ (သို့မဟုတ်) *e-mail: migrantnews@iom.int.* တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။